BURMA NEWS INTERNATIONAL

Myanmar Peace Monitor

# Weekly News Review

Issue 99, March 29 - April 4, 2023



# အရှိန်မြှင့်လာသော စခန်းသိမ်းတိုက်ပွဲများနှင့် ပေါင်းစည်းရေးလက္ခဏာ

# အရှိန်မြင့်လာသော စခန်းသိမ်းတိုက်ပွဲများနှင့် ပေါင်းစည်းရေးလက္ခဏာ

## နိဒါန်း

၂၀၂၃ ခုနှစ်သည် နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်နှစ်ဟု အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO)များနှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) ခေါင်းဆောင်များက ကြွေးကြော်ထားပါသည်။ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်အရှိန်သည် ပိုမိုပြင်းထန်လာပြီး အားကောင်းသည့် စုစည်းမှုများဖြင့် ပစ်မှတ်ထားထိုးစစ်ဆင်မှုများအသွင်သို့ ပြောင်းလဲလာသည့်လက္ခဏာများကို တွေ့မြင်လာပါသည်။

၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းက စတင်ကာ တွေ့မြင်လာရသော အာဏာသိမ်း စစ်ကောင်စီတပ်များ ခြေကုတ်ယူရာ စစ်စခန်း၊ ရဲစခန်းများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် စခန်းသိမ်းတိုက်ပွဲများသည် ယခုနှစ်အတွင်း ခပ်စိတ်စိတ် မြင်တွေ့ကြားသိနေရပြီဖြစ်သည်။ တစ်ဖက်တွင်လည်း ဒေသတွင်း ခုခံတော်လှန်ရေးအင်အားစုများအချင်းချင်း ပေါင်းစည်းအားယူကာ ဗျူဟာကျကျ ချဉ်းကပ်နေကြသည်ကိုလည်း သတိပြုမိပါသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် နွေဦးတော်လှန်ရေး အင်အားစုများ၏ စခန်းသိမ်းတိုက်ပွဲများနှင့် ပေါင်းစည်းရေးလက္ခဏာများကို လေ့လာတင်ပြသွားပါမည်။

# ဖြစ်စဉ်များ

၂၀၂၃ ခုနှစ် ဧပြီလ ၃ ရက်၊ မကွေးတိုင်း ရေစကြိုမြို့နယ် မအူရဲကင်းစခန်းကို ဒေသတွင်း မဟာမိတ် ၄ ဖွဲ့နှင့်အတူ ဒရုန်းအဖွဲ့ကပါ ပူးပေါင်းပြီး မြေပြင်၊ ဝေဟင် စခန်းသိမ်းစစ်ဆင်ရေးလုပ်ဆောင်ခဲ့ကြပြီး စစ်ကောင်စီလက်အောက်ခံ စခန်းမှူးအပါအဝင် ၁၀ ဦး သေဆုံးခဲ့ကြောင်း မြေလတ်အသံသတင်းဌာနက ဆိုသည်။ အဆိုပါစခန်းသိမ်းတိုက်ပွဲကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - ရေစကြိုမြို့နယ် (ပကဖ)၊ မြိုင် ပကဖ တပ်ရင်း - ၂၊ Salingyi Special Task Force – SSTF နှင့် မြန်မာ့တော်ဝင်နဂါးတပ်တော်(MRDA)တို့ ပူးပေါင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး SSTF ၏ တပ်ခွဲတစ်ခုဖြစ်သည့် Salingyi Spaceman Drone Army ( SSDA) ကလည်း ဝေဟင်မှတဆင့် ဒရုန်းဖြင့် ပါဝင်တိုက်ခိုက်ခဲ့သည်ဟု ဆိုပါသည်။

ကရင်ပြည်နယ် ကရင်အမျိုးသားအစည်းအရုံး(KNU) ထိန်းချုပ်ရာ မူတြော်ခရိုင် သံလွင်မြစ်ကမ်းဘေးရှိ မယ်ခါးထာစစ်ကောင်စီတပ်စခန်းကို ၂၀၂၃ ခုနှစ် မတ်လ ၂၈ ရက်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်က တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ မယ်တရိထာ(ခေါ် ) မယ်ခါးထာစစ်ကောင်စီတပ်စခန်းနေရာသည် KNLA တပ်ရင်း (၂၀) အခြေစိုက်ရာနေရာဖြစ်ပြီး ၁၉၉၅ ခုနှစ်၊ KNU ဗဟိုဌာနချုပ်- မာနယ်ပလောကျဆုံးချိန်က KNLA စခန်းဟောင်းတစ်ခုဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနတစ်ခုဖြစ်သည့် KIC က ဆိုပါသည်။ KNU/KNLA သည် သံလွင်မြစ်ဘေးရှိ စခန်းများဖြစ်သည့် သီးမူးထာစစ်ကောင်စီတပ်စခန်းကို ၂၀၂၁ ခုနှစ်တွင်လည်းကောင်း၊ ကျောက်ညှပ်စခန်းကို ၂၀၂၂ ခုနှစ်တွင်လည်းကောင်း တိုက်ခိုက်သိမ်းပိုက်ထားပါသည်။

၂၀၂၃ ခုနှစ် မတ်လ ၁၆ ရက်၊ ထိုင်း - မြန်မာနယ်စပ်၊ သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ စစ်ကောင်စီတပ်၏ ရှေ့တန်းတပ်စခန်းခမ်းတစ်ခုကို ကရင်နီကွန်မန်ဒိုတပ်ဖွဲ့က တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်း ကရင်နီစစ်ဖက်ဆိုင်ရာ ဗဟိုသတင်းထုတ်ပြန်ရေးအဖွဲ့(KnMIC)က ထုတ်ပြန်ထားသည်။ ကရင်နီပြည် ဘောလခဲမြို့နယ် နန်းဖဲရွာအနီးရှိ စစ်ကောင်စီ၏ မယ်စလောင်းတောင်တပ်စခန်းကိုလည်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကရင်နီဒေသတွင်း ပူးပေါင်းတပ်ဖွဲ့များက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကြောင်း ကန္တာရဝတီတိုင်း(မ်)သတင်းဌာနက ဆိုပါသည်။

ချင်းပြည်နယ် ထန်တလန်မြို့ ဇုန်မွန်ရပ်ကွက်ရှိ စစ်ကောင်စီတပ်များ ခြေကုတ်ယူတပ်စွဲထားသည့် ရဲစခန်းကို ချင်းအမျိုးသားတပ်မတော် (CNA) နှင့် CDF-Thantlang ပူးပေါင်းတပ်ဖွဲ့က ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်း ဒေသတွင်းသတင်းဌာနတစ်ခုဖြစ်သည့် ခိုနူမ်းသုန်တွင် ဖော်ပြထားသည်။ ယင်းသို့ ရဲစခန်းသိမ်းပိုက်ခံရပြီးနောက် စစ်ကောင်စီတပ်က ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်း ဝေလီဝေလင်းအချိန်ကစ၍ ထန်တလန်မြို့နယ် ဗန်ဇံတောင်ကြောရှိ CNA တပ်စခန်းငယ်တစ်ခုနှင့် လုံလဲရ်ကျေးရွာကို တိုက်လေယာဥ်နှင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

ဆိုခဲ့ပါစခန်းသိမ်းတိုက်ပွဲဖြစ်စဉ်များသည် ယခုနှစ်အတွင်း တွေ့ရှိခဲ့ရသော ခုခံတော်လှန်စစ်ပွဲများအနက် အချို့ကို လက်လှမ်းမီသမျှ တင်ပြခဲ့ခြင်းသာဖြစ်သည်။ စခန်းသိမ်းတိုက်ပွဲများ၏ နောက်ဆက်တွဲအဖြစ် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများကို တွေ့ရှိရပါသည်။ ထူးခြားချက်အဖြစ် ခုခံတော်လှန်ရေးအင်အားစုများဘက်တွင် အာဏာသိမ်းစစ်အုပ်စုအား ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် ဒေသတွင်းခုခံတော်လှန်ရေးအင်အားစုများအချင်းချင်း စုစည်းမှု၊ ပူးပေါင်းမှုအခြေအနေများကို သတိပြုမိပါသည်။

## ပူးပေါင်းရေးနှင့် မဟာမိတ်စုဖွဲ့မှု လက္ခဏာများ

၂၀၂၃ ခုနှစ် ဧပြီ ၇ ရက်၊ နံနက်အစောပိုင်းတွင် ကရင်ပြည်နယ် ဒေသတွင်း ခုခံတော်လှန်ရေးအင်အားစုများ၏ "ပူးပေါင်းအမိန့်ထုတ်ပြန်ချက်" တစ်စောင်ထွက်ပါသည်။ တိုက်ပွဲများပြင်းထန်နေသည့် ကော့ကရိတ်နှင့် မြဝတီမြို့နယ် အာရှလမ်းမကြီးတစ်လျှောက် အခြေအနေများကို ပြည်သူလူထုထံ အသိပေးထားပြီး စစ်ကောင်စီအနေဖြင့် အရပ်သားပြည်သူများ၏ ကားများကို အသုံးပြုကာ လူအင်အား၊ လက်နက်ခဲယမ်းနှင့် စားနပ်ရိက္ခာများ ပို့ဆောင်နေသဖြင့် မြဝတီ-ကော့ကရိတ်အာရှလမ်းမကြီးအား ဧပြီလ ၂၁ ရက်အထိ ဖြတ်သန်းသွားလာခြင်းမပြုရန် မြေပြင်ပူးပေါင်းစစ်ကြောင်း (၁၀)ခုမှ ပူးပေါင်း ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ယင်းပူးပေါင်းအမိန့်ထုတ်ပြန်ချက်ကို ကော်ဘရာစစ်ကြောင်းမှူး၊ နဂါးဖြူစစ်ကြောင်းမှူး၊ Lion Battalion စစ်ကြောင်းမှူး၊ KNU/KNLA(PC) ကရင်ငြိမ်းချမ်းရေးကောင်းစီ တပ်ရင်းမှူးနှင့် ဗျူးဟာမှူး၊ ကျားသစ်နက်စစ်ကြောင်း ဒုစစ်ကြောင်းမှူး၊ ဒေါနစစ်ကြောင်းမှူး၊ ဂဠုန်စစ်ကြောင်းမှူး၊ ကျားဖြူစစ်ကြောင်းမှူးနှင့် NUG တောင်ပိုင်းစစ်ဒေသခွဲအမှတ်(၃) ဒုစစ်ဒေသမှူး-၂ တို့က အစည်းအဝေးအရ ဆုံးဖြတ်ကာ လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။ ဧပြီလ ၃ ရက်ကလည်း ကော်သူးလေနယ်မြေတစ်နေရာတွင် ကရင်ဒေသတွင်း လက်နက်ကိုင်အင်အားစုများ စုပေါင်းကာ သွေးသစ္စာရေသောက်ခြင်းအခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရပါသည်။




မကွေးတိုင်းအတွင်းရှိ ခုခံတော်လှန်ရေးအင်အားစုအဖွဲ့(၈)ဖွဲ့ကလည်း ၂၀၂၃ ခုနှစ် မတ်လ ၂၈ ရက်၊ လူထုတော်လှန်ရေးမဟာမိတ်အင်အားစုတပ်တော် မွေးနေ့အထိမ်းအမှတ်အဖြစ် ပူးတွဲသဘောထားထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ "တစ်ကွဲတစ်ပြားစီတော်လှန်လှုပ်ရှားနေကြသော အဖိနှိပ်ခံလူမျိုးပေါင်းစုံ၊ လူတန်းစားအလွှာအသီးသီးအကြား၌ နိုင်ငံရေးအရ၊ စစ်ရေးအရ ခိုင်မာညီညွတ်မှုရှိသော တပ်ပေါင်းစုတစ်ရပ် ပေါ်ပေါက်ရေးကို တော်လှန်ရေးအင်အားစုအသီးသီးကြားတွင် အပြန်အလှန်လေးစားယုံကြည်မှု၊ သဘောထားကြီး မှု၊ ရိုးသားမှုများကို သန္ဓေတည်၍ ခိုင်မာသောတပ်ပေါင်းစုတစ်ရပ်အားဖွဲ့စည်းသင့်ကြောင်း" အဆိုပါသဘော ထားထုတ်ပြန်ချက်က အကြံပြုတိုက်တွန်းထားပါသည်။

ဆိုခဲ့ပါပူးတွဲသဘောထားထုတ်ပြန်ချက်တွင် PRA-Magway ၊ ပြည်သူ့လွတ်လပ်ရေးတပ်တော်၊ ကျောင်းသား လက်ရုံးတပ်တော်၊ အရှူချင်းကာကွယ်ရေးတပ်၊ မိုးကြိုးပြောက်ကျားတပ်ဖွဲ့၊ ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့၊ ပြည်သူ့တော်လှန်ရေးအင်အားစု(အနောက်ပိုင်းဒေသ)နှင့် CDF (Asho) တို့ ပါဝင်သည်ကို တွေ့ရပါသည်။

မိမိတို့ BNI – Myanmar Peace Monitor ၏ လေ့လာစောင့်ကြည့်မှုမှတ်တမ်းများအရ မူလကတည်းက တိုင်း ရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များ ထိန်းချုပ်လှုပ်ရှားရာ ကချင်၊ ကရင်၊ ကရင်နီ(ကယား)နှင့် ချင်းပြည်နယ်တို့အပြင် စစ်ကိုင်းတိုင်း အတွင်းအထိပါ စစ်အာဏာသိမ်းကာလအတွင်းတွင်မှ ဖြစ်တည်ပေါက်ဖွားလာသော မြို့

ပြဒေသအလိုက် PDF – LDF များနှင့် ERO များအကြား ပူးပေါင်းစုဖွဲ့ကာ စစ်ကောင်စီ တပ်များအား ခုခံတော်လှန်ရေးလှုပ်ရှားမှုဖြစ်စဉ်များကို တွေ့ရှိရပါသည်။ စစ်ရေးအရ ဆယ်စုနှစ်ပေါင်းများစွာ အတွေ့အကြုံရင့်ကျက်နေကြသည့် ERO ၏ ဦးဆောင်ကွပ်ကဲမှု ကို ခံယူကာ ခုခံတော်လှန်စစ်မှသည် ထိုးစစ်ဆင်စခန်းသိမ်းတိုက်ပွဲများအထိ စစ်မျက်နှာ ဖြန့်ကျက်ကာ စစ်အရှိန်မြှင့်တင်လာသည်ကိုလည်း တွေ့ရပါသည်။




၂၀၂၃ ခုနှစ်အတွင်း မြို့ပြဒေသအလိုက် PDF – LDF များ၊ ERO များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုကိုလေ့လာကြည့်ပါက မတ်လသည် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၅၀ အထိ ရှိခဲ့ပြီး စစ်အရှိန်အမြင့်ဆုံးလဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ BNI – Myanmar Peace Monitor ၏ မှတ်တမ်းအရ ဖေဖော်ဝါရီလတွင် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၂၇ ရက်နှင့် ဇန်နဝါရီလတွင် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၁၆ ရက် ရှိခဲ့ပါသည်။ မတ်လအတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲများကို လေ့လာကြည့်ပါက တိုင်းနှင့် ပြည်နယ် (၁၁) ခုမှ မြို့နယ်ပေါင်း ၆၅ ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကရင်နီ(ကယား)ပြည် ဒီးမော့ဆိုမြို့နယ် သည် တိုက်ပွဲဖြစ်ပွားမှုအများဆုံးမြို့နယ် ဖြစ်ခဲ့ပါသည်။ ကရင်ပြည်နယ် ဖာပွန်နှင့် ဖားကန့် မြို့နယ်၊ မကွေးတိုင်း ရေစကြိုမြို့နယ်၊ ကချင်ပြည်နယ် ရွှေကူမြို့နယ်နှင့် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်တို့သည် တိုက်ပွဲဖြစ်ပွားမှု ၅ ရက်အထက် ရှိသော မြို့နယ်များ ဖြစ်ခဲ့သည်ကို ဆိုရပါမည်။

> “ အရှိန်မြှင့်လာသော စခန်းသိမ်းတိုက်ပွဲများနှင့် ပေါင်းစည်းရေး လက္ခဏာများသည် နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်အတွက် အရေးပါသော သရုပ်သကန်များဟု ရှုမြင်နိုင်ပါသည် ”

# သုံးသပ်တင်ပြချက်

၂၀၂၃ ခုနှစ်သည် နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်နှစ်အဖြစ် တော်လှန်ရေးအင်အားစုများဘက်မှ ကြွေးကြော်ထားသည့်အတိုင်း ပဋိပက္ခတိုက်ပွဲဆိုင်ရာ အချက်အလက်များအရလည်း ပြည်တွင်းစစ်အရှိန်မြင့်လာနေသည်ဟု သုံးသပ်ရပါသည်။ စစ်ရေးပဋိပက္ခများအရှိန်မြင့်လာသည်နှင့်အမျှ စစ်ကြောင့် ဘေးလွတ်ရာထွက်ပြေး တိမ်းရှောင်နေကြရသော စစ်ဘေးသင့်ပြည်သူအရေအတွက်ကလည်း နေ့စဉ်နှင့်အမျှ တိုးပွားများပြားလာနေပါသည်။

တဖက်တွင်လည်း အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ၎င်းတို့လုယူထားသော အုပ်ချုပ်မှုအာဏာတည်မြဲရေးအတွက် ကျေးရွာအလိုက် မီးရှို့ဖျက်ဆီးမှုများနှင့် လေကြောင်းထိုးစစ်များကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရပါသည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်လျှောက်လှမ်းနေကြသော နွေဦးတော်လှန်ရေးတွင် အာဏာသိမ်းစစ်အုပ်စု သက်ဆိုးမရှည်စေရေးသတိပြုရမည်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့် အရှိန်မြှင့်လာသော စခန်းသိမ်းတိုက်ပွဲများနှင့် ပေါင်းစည်းရေးလက္ခဏာများသည် နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်အတွက် အရေးပါသော သရုပ်သကန်များဟု ရှုမြင်နိုင်ပါသည်။ တောင်တန်း မြေပြန့်၊ မြို့ပြဒေသအလိုက် နွေဦးတော်လှန်ရေးအင်အားစု အချင်းချင်းအကြား နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် စစ်ရေးအရ ပေါင်းစည်းလှုပ်ရှားနိုင်မှုသည်သာ နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်ကို ပုံဖော်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။



## မြန်မာနိုင်ငံအတွင်း မိုင်းပေါက်ကွဲမှုများကြောင့် သေဆုံးထိခိုက်သူများ၏ ၃၄ ရာခိုင်နှုန်းမှာ ကလေးငယ်များဖြစ်ကြောင်း UNICEF ထုတ်ပြန်

၇ ဧပြီ ၂၀၂၃

မြန်မာနိုင်ငံ၌ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်ကျန်လက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံးမှုမြင့်တက်နေပြီး ထိခိုက်နစ်နာသူစုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းမှာ ကလေးသူငယ်များဖြစ်ကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ UNICEF က ထုတ်ပြန်ထားသည်။

လက်ရှိမြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားနေမှုအရှိန်မြင့်တက်နေသည်နှင့်အမျှ မြေမြှုပ်မိုင်းများ ပိုပြီးချထားသည့်အတွက် အန္တရာယ်သတိရှိစေရန် ရည်ရွယ်ကြောင်း UNICEF Myanmar က ဆိုထားသည်။

ဧပြီလ ၄ ရက်နေ့က ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ်အသိပညာပေးရေးနှင့် မိုင်းလုပ်ငန်းဆိုင်ရာအကူအညီပေးရေး နေ့တွင် UNICEF Myanmar က ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

UNICEF ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် တစ်နှစ်အတွင်း မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက်များကြောင့် သေဆုံးသူ ၁၀၂ ဦး၊ ကိုယ်လက်အင်္ဂါထိခိုက်ဒဏ်ရာရသူ ၂၈၈ ဦး၊ စုစုပေါင်း ထိခိုက်ခဲ့ရသူ ၃၉၀ ဦး ရှိကြောင်း ယင်းတို့ထဲတွင် ကလေး ၁၃၃ ဦးနှင့် လူကြီး ၂၅၇ ဦး ပါဝင်ကြောင်း ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်တွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် လက်နက်ပစ္စည်းများကြောင့် သေဆုံးထိခိုက် ဒဏ်ရာရသူ ၂၈၄ ဦး ရှိခဲ့ရာ မိုင်းကြောင့် နစ်နာသူများသည် ရခိုင်၊ ချင်း၊ ကယား၊ ရှမ်း၊ စစ်ကိုင်း စသည့် တိုင်းနှင့်ပြည်နယ်များတွင် အဖြစ်များကြောင်း ဖော်ပြထားသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့က ရခိုင်ပြည်နယ်၊ မင်းပြားမြို့အရှေ့မြောက်ပိုင်း စပါးထားကျေးရွာအနီး လယ်ကွက်တစ်ခု၌ မပေါက်ကွဲသေးသည့် မိုင်းသီးတစ်လုံး ပြင်းထန်စွာပေါက်ကွဲခဲ့မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး ကလေးငယ်ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၂၀ ခုနှစ် ဇန်နဝါရီနှင့် စက်တင်ဘာလအကြား မိုင်းနှင့်စစ်လက်ကျန်ပစ္စည်းများ ပေါက်ကွဲမှုကြောင့် ကလေးငယ် ၄၉ ဦးသေဆုံးခဲ့ပြီး ၁၃၄ ဦး ကိုယ်လက်အင်္ဂါ ထိခိုက် ချို့ယွင်းခဲ့ရကြောင်းလည်း ဖော်ပြထားသည်။

လက်ရှိမြန်မာနိုင်ငံအတွင်း ပဋိပက္ခအခြေအနေများသည် စိန်ခေါ်မှုပိုများလာသည့်အတွက် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းအန္တရာယ်များ ရှိနေကြောင်း ပညာပေးလုပ်ကိုင်ပေးနေသည့် စီမံချက်အရာရှိ ကိုထွန်းထွန်းက ပြောသည်။

"အဓိကပြဿနာတစ်ခုက ဒီနေရာက ကလေးတွေ ဆော့ကစားနိုင်ဖို့ ဘေးကင်းတဲ့နေရာတွေက တဖြည်းဖြည်း ကျဉ်းလာတာပါပဲ။ သူတို့ရဲ့ ကလေးဘဝကို အပြည့်အဝ မခံစားနိုင်တော့ဘူး" ဟုဆိုပြီး UNICEF Myanmar တွင် ယခုလိုဖော်ပြထားသည်။

နှစ်စဉ် ဧပြီလ ၄ ရက်နေ့၌ကျင်းပလေ့ရှိသည့် မိုင်းအန္တရာယ်အသိပညာပေးနေ့သည် မြေမြှုပ်မိုင်း၏ ကြောက်မက်ဖွယ်အန္တရာယ်အကြောင်း သတိပေးနေပြီး ၁၉၉၇ ခုနှစ် မြေမြှုပ်မိုင်း တားဆီးဆန့်ကျင်ရေး သဘောတူစာချုပ်ကို နိုင်ငံအတော်များများက ပိုမိုပြီး လက်မှတ်ရေးထိုးကြဖို့ တိုက်တွန်းထားသည်။

အဆိုပါသဘောတူစာချုပ်က လူကိုထိခိုက်ဒဏ်ရာရစေသည့် မိုင်းများသုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ စုဆောင်းခြင်းနှင့် ရွှေ့ပြောင်းခြင်းတို့ကို တားမြစ်ပြီး နိုင်ငံများအနေနှင့် မိုင်းရှင်းလင်းဖို့၊ ထိခိုက်နစ်နာသူများကို ကူညီဖို့နှင့် စုဆောင်းထားသည့်မိုင်းများကို ဖျက်ဆီးပစ်ဖို့ တာဝန်ရှိကြောင်း ဖော်ပြထားပြီး မြေမြှုပ်မိုင်း တားဆီးဆန့်ကျင်ရေး သဘောတူစာချုပ်၌ နိုင်ငံပေါင်း ၁၆၄ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုး ထားပေမယ့် မြန်မာနိုင်ငံကတော့ အဆိုပါသဘောတူစာချုပ်၌ ပါဝင်လက်မှတ်ထိုးထားခြင်း မရှိသေးဟုဆိုပါသည်။

*BNI - MPM*


# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မတ်လ ၂၉ ရက် မှ ဧပြီလ ၄ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြ ဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၃၇ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၃ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။

**၃၇ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း








## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု


မတ် ၂၉ - ဧပြီ ၄ -၂၀၂၃







# စစ်ကိုင်းတိုင်း


အင်းတော်မြို့မှ CDM ဆရာမအပါအဝင် အမျိုးသမီး ၃ ဦးအား ဧပြီ ၃ ရက်တွင် အင်းတော် စစ်ခုံရုံးမှ အကြမ်းဖက်မှုဥပဒေ ပုဒ်မ-၅၀ (ည)၊ ၅၂-(က) အမှုများဖြင့် စွပ်စွဲအမှုဖွင့်အရေးယူကာ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခဲ့ပါသည်။ မတရားသဖြင့် တစ်သက်တစ်ကျွန်းချမှတ်ခံရသူများမှာ အသက် ၄၀ ကျော်အရွယ် CDM ဆရာမ ဒေါ်သိန်းလှ၊ အရောင်းအဝယ်လုပ်ငန်းလုပ်သူ ဈေးသည် ဒေါ်ခင်ပြည့်ပြည့်ထွန်းနှင့် ဒေါ်အေးအေးတို့ဖြစ်ပြီး၊ ၎င်းတို့အား PDF များကို ထောက်ပံ့သည်ဟု စွပ်စွဲကာ မတ်လ ၅ ရက်က စစ်ကောင်စီတပ်မှ နေအိမ်ထဲအထိ ဝင်ရောက်ဖမ်းဆီးခဲ့ပြီး ကသာထောင်မှာ အကျဉ်းချထားခဲ့ပါသည်။

ဧပြီ ၁ ရက်တွင် ဆားလင်းကြီးမြို့နယ်၊ ကံကုန်းကျေးရွာမှ ဒေသခံနှစ်ဦးအား စစ်ကောင်စီတပ်ဖွဲ့မှ ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်(နမခ)မှ ဆင်းလာသည့် အင်အား ၈၀ ခန့်ပါ စစ်ကောင်စီတပ် စစ်ကြောင်းသည် ရွှေတောင်ဦးမှတဆင့် ကံကုန်းကျေးရွာသို့ သေနတ်များပစ် ဖောက်ဝင်ရောက်ခဲ့ပြီး၊ ကံကုန်းကျေးရွာရှိ နေအိမ်များကို မွှေနှောက်ဖျက်ဆီးမှုများပြုလုပ်ခဲ့ကာ ဒေသခံနှစ်ဦးကာ သတ်ဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ထီးချိုင့်မြို့နယ်ရှိ ပေါက်ကုန်းရွာထဲနှင့် ဦးလာဘဘုရားအနီးကို စစ်ကောင်စီတပ်က မတ်လ ၃၁ ရက်တွင် ဂျက်ဖိုက်တာ၂ စီးဖြင့် ပုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူ ၃ ဦး သေဆုံးကာ ၂ ဦးဒဏ်ရာရရှိခဲ့ပြီး နေအိမ်အချို့လည်း ထိမှန်ပျက်ဆီးခဲ့ပါသည်။

စစ်ကိုင်း၊ ဆားလင်းကြီး၊ ဖန်းမောက်၊ မြောင်၊ ကနီ၊ မင်းကင်း၊ ပုလဲနှင့် ကလေးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၉ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံး ခဲ့သည်။ ထို့အပြင် ဧပြီလ ၂ ရက်နေ့က မုံရွာမြို့ပေါ်ရှိ မြဝတီဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့ကို ပြည်သူ့ကာကွယ်ရေးတပ်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်သား ၄ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၄ ရက်နေ့က ဝက်လက်မြို့နယ်မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၇ ဦးကို စစ်ကောင်စီတပ်တွေက ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့သည်။ စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် ဖန်းမောက်၊ မြောင်၊ ထီးချိုင့်နှင့် ဆားလင်းကြီးမြို့နယ်များမှ ဒေသခံ ၉ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်မှ လူနေအိမ်များကို မီးရှို့၍ စစ်ကြောင်းထိုးတာကြောင့် ဆားလင်းကြီး၊ ပုလဲ၊ ဒီပဲယင်းနှင့် ထီးချိုင့်မြို့နယ်များမှ ဒေသခံပြည်သူ ၃၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။









# ကချင်ပြည်နယ်


ရွှေကူမြို့နယ် စီမူလေးနှင့် စီမူကြီး ကျေးရွာ ၂ ခု အကြားတွင် တပ်စွဲထားသော စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA ၊ PDF ပူးပေါင်းတပ်တို့ကြား ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ဒေသခံ ၃၀ ကျော်ကို စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပါသည်။


မိုးညှင်းမြို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနှောင်းအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည)ဖြင့် စစ်ကောင်စီက မတ်လ ၃၀ ရက်တွင် ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ပါသည်။ ၎င်းအား ၂၀၂၂ ခုနှစ် ဩဂုတ်လက ကချင်ပြည်နယ် နန်းမားမြို့၊ အောင်မင်္ဂလာရပ်ကွက်ရှိ နေအိမ်မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(ခ)ဖြင့် တရားစွဲဆိုခဲ့ကာ၊ ၎င်းအမှုအတွက် ၂၀၂၂ ခုနှစ် မေလ ၂၆ ရက်တွင် ထောင်ဒဏ် တစ်နှစ်ချမှတ်ခံရပြီးနောက် ပြစ်ဒဏ်ပြည့်ချိန်တွင် ပြန်မလွှတ်ဘဲ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည)ဖြင့် စစ်ကောင်စီက ထပ်မံ တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

မတ်လ ၃၀ ရက်တွင် မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်မှ တက်တူထိုးသည့်ဆိုင်မှ အမျိုးသား ၅ဦးအား KIA မှ စစ်သင်တန်းဆင်းလာသူများဟု စွပ်စွဲကာ ကချင်မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ အမှတ်(၄) အထူးကွန်မန်ဒိုအဖွဲ့က ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးစဉ် မျက်နှာကို ပုဂါအမဲရောင်များစည်းထားသော အထူးကွန်မန်ဒိုအဖွဲ့ အင်အား၂၅ ဦးခန့်သည် အဆင့်မြင့် အိမ်စီးကားသုံးစီးဖြင့် ရောက်ရှိလာပြီး ဆိုင်ရှင်အပါအဝင် လူငယ်လူတစ်စုကို လက်ပြန်ကြိုးတုပ်ကာ ဖမ်းဆီးခေါ်ဆောင်ခဲ့ကြပါသည်။

မတ်လ ၂၉ ရက်နေ့မှ ၃၀ ရက်နေ့ အထိ ရွှေကူမြို့နယ်တွင် စစ်ကောင်စီတပ် နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် မတ်လ ၃၀ ရက်နေ့က ဖားကန့်မြို့နယ်၊ ကားမိုင်းမြို့အဝင်တွင် စစ်ကောင်စီတပ်က ဖားကန့်တက်လာသည့် ကုန်ကားသမားတစ်ဦးကို အကြောင်းမဲ့ သတ်ဖြတ်ခဲ့သည်။










# မကွေးတိုင်း


ပခုက္ကူမြို့ အမှတ် (၃) ရပ်ကွက်၊ အောင်သပြေကွက်သစ်၊ ၁ လမ်းရှိ နေအိမ်တစ်လုံးတွင် ဧပြီ ၃ ရက်၊ ည ၉ နာရီခန့်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နေအိမ်အတွင်း လူနှစ်ဦး သေဆုံးခဲ့ပါသည်။ ဖြစ်စဉ်မှာ နေအိမ်မီးဖိုချောင်အတွင်း လက်လုပ်ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အသက် ၃၇ နှစ်အရွယ် ဖခင်ဖြစ်သူနှင့် အသက် ၁၄ နှစ်အရွယ် သားဖြစ်သူတို့ သေဆုံးခဲ့ခြင်းဖြစ်ကာ အလောင်းများအား ပခုက္ကူဆေးရုံက ရင်ခွဲရုံကို ပို့ဆောင်ခဲ့ပါသည်။ ထို့ပြင် ၎င်းတို့နှစ်ဦးသေဆုံးသည့်နေရာတွင် လက်လုပ်ဗုံးပြုလုပ်သည့် ပစ္စည်းကိရိယာများတွေ့ရှိပြီး၊ ဗုံးပြုလုပ်နေစဉ် မတော်တဆပေါက်ကွဲသည်ဟုဆိုကာ နောက်ထပ် မိသားစုဝင် ၂ ဦးကိုလည်း စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပါသည်။

ဧပြီ ၂ ရက်တွင် ပခုက္ကူမြို့ပေါ်ရပ်ကွက် ၄ ခုတွင် နေထိုင်သော အရပ်သား ၂၈ ဦးအား ဧည့်စာရင်း အကြောင်းပြကာ စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပါသည်။ ပခုက္ကူမြို့ပေါ် ရပ်ကွက် အမှတ် (၃)၊ (၇)၊ (၁၁) နှင့် (၁၅)တို့မှ အိမ်ထောင်စု ၇ စုကို စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး၊ ဖမ်းဆီးခံရသူများတွင် အသက် ၁၀ နှစ်အောက် ကလေးငယ် ၃ ဦး အပါအဝင် သက်ကြီးရွယ်အိုအချို့နှင့် အမျိုးသမီးများလည်း ပါဝင်ခဲ့ပါသည်။

ဂန့်ဂေါနှင့် ရေစကြိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၆၅ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဆိပ်ဖြူမြို့နယ်မှာ ဧပြီ ၂ ရက်နေ့က စစ်ကောင်စီတပ်ဖွဲ့ဝင် အချင်းချင်းပစ်ခတ်မှုဖြစ်ပြီး ၃ ယောက်သေဆုံးခဲ့သည်။







# မန္တလေးတိုင်း

ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက်တွင် နေထိုင်သော NLD ပါတီထောက်ခံသူတစ်ဦးအား ဧပြီ ၃ ရက်က စစ်ကောင်စီတပ်မှ ပစ်ခတ်ဖမ်းဆီးခဲ့ပြီးနောက် ဧပြီ ၄ ရက် နေ့လည်ပိုင်းတွင် မိသားစုဝင်များအား အလောင်းလာထုတ်ခိုင်းခဲ့ကြောင်း သိရပါသည်။

ဖြစ်စဉ်မှာ ဧပြီ ၃ ရက်တွင် ဦးဂင်းကျော်ဆိုသူ၏ နေအိမ်သို့ စစ်ကောင်စီတပ်သားများ ရောက်ရှိလာပြီး၊ ပုန်းရှောင်နေသော ၎င်း၏ဇနီးဖြစ်သူ NLD ပါတီ ရပ်ကျေးဥက္ကဋ္ဌနှင့် ပတ်သက်၍ မေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။ ထိုသို့မေးမြန်းစဉ် ရုန်းရင်းဆန်ခတ်ဖြစ်ပြီး စစ်ကောင်စီတပ်သားများမှ ဦးဂင်းကျော်အား သေနတ်ဖြင့်ပစ်ခတ်၍၊ အကြမ်းဖက်ရိုက်နက်ကာ မန္တလေးနန်းတွင်း စစ်ကြေးရေးသို့ ခေါ်သွားခဲ့ပြီး ဧပြီ ၄ ရက်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး ရင်ခွဲရုံမှ အလောင်းပြန်ထုတ်ခိုင်းခဲ့ပါသည်။ အလောင်းပြန်ရချိန်တွင် အသက် ၄၀ ကျော်အရွယ် ဦးဂင်းကျော်၏ မျက်နှာ၊ ကျောကုန်းနှင့် ဦးခေါင်းတွင် ရိုက်နက် နှိပ်စက်ခံထားရသည့် အညိုအမဲစွဲ ဒဏ်ရာများကို တွေ့ရှိခဲ့ကြောင်း သိရပါသည်။

ဧပြီ ၂ ရက်တွင် ချမ်းမြသာစည်၊ တောင်ရပ်ကွက် စံပြလမ်းနှင့် ၇၈ လမ်းကြား၊ စစ်ကိုင်းလမ်းခွဲဘေးတွင် အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးသည် ဓားဒဏ်ရာများစွာဖြင့် သေဆုံးနေပြီး၊ အလောင်းပေါ်တွင် သွေးသောက်အဖွဲ့ အနီရောင်ရှင်းလင်းရေး MDY စာသားပါ လည်ဆွဲ ကဒ်တစ်ခုကိုလည်း တွေ့ရှိခဲ့ကြပါသည်။

ဧပြီလ ၂ ရက်နေ့က မိုးကုတ်မြို့၊ ကျပ်ပြင်ရဲစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့အပြင် မတ်လ ၃၀ ရက်နေ့က စဉ့်ကူးမြို့မှ ငပျဉ်းအင်းကျေးရွာသို့ ထွက်ခွာလာသည့် စစ်ကောင်စီတပ်ယာဉ်တန်းကို ပြည်သူ့ကာကွယ်ရေးတပ်မှ မိုင်းဆွဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၃ ဦး သေဆုံးခဲ့သည်။ မတ်လ ၃၁ ရက်နေ့က ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်မှ စစ်ကောင်စီခန့် ရာအိမ်မှူး ဦးစန်းအောင်သည် အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။







# ကရင်ပြည်နယ်


စစ်ကားတစ်စီးပေါ်မှ စစ်ကောင်စီတပ်သားများ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် ဧပြီ ၃ ရက်တွင် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ မနီကုန်း ( ရှိမဟာတစ်)ရွာမှ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး ကျည်ထိမှန်ပြီး သေဆုံးခဲ့ပါသည်။ သေဆုံးသူမှာ မောင်ဝေသာလီထွန်းဆိုသူဖြစ်ပြီး ပေါင်ရင်းကို ကျည်ထိခဲ့ကာ ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ခြင်းဖြစ်ပါသည်။

ဧပြီ ၂ ရက်တွင်လည်း စစ်ကောင်စီ၏ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် ကော့ကရိတ်ဝင်းကြီး ရပ်ကွက်ဒေသခံတစ်ဦးနှင့် ရေပူရွာ ဒေသခံ အမျိုးသမီးတစ်ဦး ကျည်ထိမှန်ခဲ့ပါသည်။


သံတောင်ကြီးမြို့နယ်၊ သပြေညွန့်ကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သည် မတ်လ ၂၉ ရက်တွင် ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် အသက် ၁၅ နှစ်အရွယ် ကလေးငယ်တစ်ဦးမှာ လက်နက်ကြီးထိမှန်သေဆုံးခဲ့ပါသည်။ မတ်လ ၃၀ ရက်တွင် အသက် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးသည် ရွာအပြင်တွင် ထောင်ထားသောမိုင်းနင်းမိ၍ ပြင်းထန်ဒဏ်ရာရရှိခဲ့ပါသည်။ စစ်ကောင်စီတပ်မှ တိုက်ပွဲမရှိဘဲ ယခုကဲ့သို့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်နေခြင်းကြောင့် ကျေးရွာနေဒေသခံများမှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နေကြရပါသည်။




မြဝတီနှင့် သံတောင်ကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅ ဦး ကျဆုံးခဲ့သည်။ ဧပြီလ ၄ ရက်နေ့က ကော့ကရိတ်မြို့နယ်၊ လှိုင်ဝကျေးရွာတွင် ပြည်သူ့စစ်တစ်ဦး အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံး ခဲ့သည်။ စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် ကော့ကရိတ်၊ သံတောင်ကြီးနှင့် ဖာပွန်မြို့နယ်များမှ ဒေသခံ ပြည်သူ ၃ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၂၅ ရက်မှ မတ်လ ၃၁ ရက်နေ့ အထိ စစ်ကောင်စီတပ်မှ မြဝတီမြို့နယ်ရှိ ကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်း ပစ်ခတ်နေမှုကြောင့် ဒေသခံ ပြည်သူ ၁၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




# ပဲခူးတိုင်း




ရေတာရှည်မြို့နယ်အတွင်း ဧပြီ ၂ ရက်နှင့် ၄ ရက်တို့တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်များအကြား တိုက်ပွဲဖြစ်ပွားနေပြီး စစ်ကောင်စီတပ်မှ မျက်နှာပြင်ကျေးရွာ၊ ရွှေသောင်ကျေးရွာ၊ နောပင်ကျေးရွာတို့ကို တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်နေခြင်းကြောင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။


ကြို့ပင်ကောက်မြို့နယ်တွင် မြို့နေပြည်သူများ တော်လှန်သွေးမအေးကြစေရန် ရည်ရွယ်ပြီး ကြို့ပင်ကောက်မြို့နယ်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်)မှ ဧပြီ ၃ ရက်တွင် အိုးဝေစာစောင် အတွဲ(၂) အမှတ်(၁၂) ကို ပြည်သူလူထုထံသို့ ဖြန့်ဝေခဲ့ကြပါသည်။

နတ်တလင်း၊ မင်းလှနှင့် ရေတာရှည်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁ ဦးကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၂ ဦးကျဆုံးခဲ့သည်။







# ရှမ်း (သျှမ်း) ပြည်နယ်





ဧပြီ ၃ ရက်တွင် နောင်ချိုမြို့နယ် ကုန်းညောင် ကျေးရွာမှ ကြံစိုက်ခင်းသွားသည့် ဒေသခံ အမျိုးသား တစ်ဦး မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာရရှိခဲ့သဖြင့် နောင်ချိုဆေးရုံတွင် ဆေးကုသမှုခံယူနေရပါသည်။

ကွတ်ခိုင်မြို့နယ်၊ ဟိုမောကျေးရွာ အုပ်စု၊ လွယ်ခွမ် ကျေးရွာမှ ပြည်သူ့စစ်ဟောင်း တစ်ဦးဖြစ်သူ အသက် ၂၀ အရွယ် မိုင်းစိုးထွန်းအား ကွတ်ခိုင်မြို့ပေါ်၌ မှတ်ပုံတင်ပြု လုပ်ပြီး အပြန်တွင် အမည်မသိအဖွဲ့တစ်ခုမှ ဖမ်းဆီးခဲ့ပါသည်။

မတ်လ ၂၉ ရက်နေ့က ပင်လောင်းမြို့နယ်၊ လုံးပြင်ကျေးရွာနှင့် တောင်မဲသင်းကျေးရွာကြားတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၃၀ ရက် မှ ၃၁ ရက်နေ့အထိ မောက်မယ်မြို့နယ်တွင် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် RCSS/SSA နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLO/PNLA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ဧပြီလ ၂ ရက်နေ့က စစ်ကောင်စီတပ်ဖွဲ့မှ မိုးပြဲမြို့ အရှေ့ဘက်ကမ်းရှိ ကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ပြည်သူ ၁ ဦး သေဆုံးခဲ့သည်။ မတ်လ ၃၁ ရက်နေ့က မူဆယ်မြို့နယ်၊ သိန်းသန်းချီ ကားကွင်းထဲတွင် မြို့မ ပြည်သူ့စစ် များသည် အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်ခံရပြီး တပ်သား ၂ ဦး သေဆုံးခဲ့သည်။




# ကရင်နီ (ကယား) ပြည်နယ်





ဒီးမော့ဆိုမြို့နယ်အရှေ့ဘက်ခြမ်းကို မတ်လ ၃၀ ရက်က စစ်ကောင်စီတပ်မှ လေကြောင်းနှင့် လက်နက်ကြီး အသုံးပြု တိုက်ခိုက်ခဲ့သဖြင့် အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း ထိမှန်ပျက်စီးခဲ့ပြီး၊ အသက် ၂၅ နှစ်အရွယ် အမျိုးသား တစ်ဦး ထိမှန်ဒဏ်ရာရရှိခဲ့ကာ ဒဏ်ရာရရှိသူများလည်းရှိခဲ့ပါသည်။ စစ်ကောင်စီတပ်သည် တိုက်လေယာဉ်ဖြင့် ၈ ကြိမ်ပစ်ပြီး၊ လက်နက်ကြီးဖြင့်လည်း လူနေကျေးရွာများအတွင်းသို့ ပစ်ခတ်ခဲ့ခြင်း ဖြစ်ပါသည်။


ဧပြီ ၄ ရက်၊ ည ၆ နာရီဝန်းကျင်တွင်လည်း ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းရှိ အများပြည်သူများ သွားလာနေထိုင်သော နေရာများကို စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်သဖြင့် လက်နက်ကြီး ၄ လုံး ကျရောက်ပေါက်ကွဲခဲ့ကာ လူနေအိမ်တချို့ လက်နက်ကြီးစထိမှန်၍ ပျက်စီးခဲ့ပါသည်။

မတ်လ ၂၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ ဒီးမော့ဆိုမြို့နယ်၊ ဒေါလျားခူကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် ကရင်နီ ဒေသခံကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၅ ဦး ကျဆုံးခဲ့သည်။ အဆိုပါ တိုက်ပွဲတွင် အထိနာသည့် စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ပုံးကြဲတိုက်ခိုက်မှုကြောင့် အသက် ၂၅ နှစ်အရွယ် ဒေသခံ အမျိုးသား တစ်ဦး သေဆုံးခဲ့သည်။







# တနင်္သာရီတိုင်း





လောင်းလုံးမြို့တွင် မတ်လ ၃၀ ရက်မှ ဧပြီ ၂ ရက်အထိ စစ်ကောင်စီတပ်မှ ဒေသခံများအား ဖမ်းဆီးခဲ့ရာ အသက် ၂၀ နှင့် ၅၀ အရွယ်ကြား အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၅ ဦး တို့ဖမ်းဆီးခံခဲ့ရပါသည်။ အဖမ်းခံရသူများတွင် NLD ပါတီဝင် ဦးဝင်းဇော်နှင့် ၎င်း၏ ဇနီးဖြစ်သူနှင့် သမီးတို့လည်း ပါဝင်ခဲ့ပါသည်။

ဧပြီ ၁ ရက် ညအချိန်တွင် မြိတ်မြို့မှ ကော့သောင်းမြို့ဘက်သို့ မောင်းနှင်လာသည့် မြတ်မန္တလာထွန်း ခရီးသည်တင်ယာဉ်သည် တနင်္သာရီမြို့အထွက် ဆင်ခြေဖုံးကျေးရွာအုပ်စု၊ လယ်တောင်ယာရွာနှင့် တမုတ်ချုံးကျေးရွာအကြား ရော်ဘာတောအနီး ပစ်ခတ်ခံရပြီး၊ အသက် ၆ နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့ကာ သံဃာတော် ၂ ပါးနှင့် အမျိုးသားနှစ်ဦးတို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ယင်းပစ်ခတ်မှုအား တနင်္သာရီမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့မှ မှားယွင်းပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အနုးအညွှတ်တောင်းပန်ထားပါသည်။

မတ်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ တနင်္သာရီမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၂ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၂၉ ရက်နေ့က ပုလောမြို့နယ်ရှိ စစ်ကောင်စီလက်အောက်ခံ နယ်မြေရဲစခန်းကို ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်မှ ဗိုလ်ကြီးတစ်ဦး သေဆုံးခဲ့သည်။







# မွန်ပြည်နယ်

ဘီးလင်းမြို့နယ်၊ အလူးကျေးရွာအနီးတွင် မတ်လ ၂၉ ရက်က စစ်ကောင်စီယာဉ်တန်းအား ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် -KNLA တပ်ရင်း(၃)နှင့် ဒေသကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များမှ ပစ်ခတ်တိုက်ခိုက်ပြီး၊ မိုင်းဆွဲတိုက်ခိုက်စဉ် ယာဉ်ပေါ်ပါ စစ်ကောင်စီတပ်များမှ ရမ်းသမ်းပစ်ခတ်သဖြင့် အရပ်သားပြည်သူ ၂ ဦး သေဆုံးခဲ့ပါသည်။

မတ်လ ၂၉ ရက်တွင် တပ်မ (၄၄) လက်အောက်ခံ၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ ဇီးဝန်းကျေးရွာအခြေစိုက် အမတ(၃၁၄) မှ ပစ်ခတ်ခဲ့သော ၆၀ မမ အမျိုးအစား လက်နက်ကြီးကျည်သည် ဘီးလင်းမြို့နယ်၊ အနိုင်းပွန်ကျေးရွာအုပ်စု၊ တောင်ကလေးကျေးရွာအတွင်းရှိ ဒေါ်သောင်းဆိုသူ၏ အိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲ၍ အသက် ၈၀ အရွယ် ဒေါ်သောင်း အပါအဝင် အသက် ၄၈ နှစ်အရွယ် နော‌ပျိုနှင့် အသက် ၁၄ နှစ်အရွယ် စောဇာနည်ဇော်တို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး၊ နေအိမ်ခေါင်မိုးလည်း ပျက်စီးခဲ့ပါသည်။ စစ်ကောင်စီတပ်သည် ဘီးလင်းမြို့နယ်အတွင်းရှိ တိုက်ပွဲဖြစ်ပွားခြင်းမရှိသော ကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေခြင်းဖြစ်ပါသည်။

ဧပြီလ ၄ ရက်နေ့က ရေးမြို့နယ်၊ အာယုတောင်ရွာနှင့် တောင်စွန်းရွာကြားရှိ စစ်ကောင်စီ ကင်းပုန်းစခန်းတစ်ခုကိုပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကသွားရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား နှစ်ဦး သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၂၉ ရက်နေ့က ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာ၊ မုပ္ပလင်လမ်းဆုံရှိ စစ်ကောင်စီတပ်၏ စစ်ဆင်ရေးဂိတ်စခန်းကို ပြည်သူ့ကာကွယ်ရေးတပ်က ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်ကောင်စီတပ်သား ၆ ဦး သေဆုံးခဲ့သည်။ မတ်လ ၂၉ ရက် နေ့က ဘီးလင်းမြို့နယ်၊ အလူးကျေးရွာအနီး စစ်ကောင်စီယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရစဉ် စစ်ကောင်စီတပ်များက ရမ်းသမ်းပစ်ခတ်သဖြင့် အရပ်သားပြည်သူ ၂ ဦး သေဆုံးခဲ့သည်။






# ဧရာဝတီတိုင်း

ကျုံပျော်မြို့နယ်၊ အင်းဖျားကျေးရွာမှ စစ်ကောင်စီခန့်ကျေးရွာအုပ်ချုပ်ရေးမှူး ပစ်သတ်ခံရပြီးနောက် မတ်လ ၂၂ ရက်တွင် သံဃာတော်တစ်ပါးအပါအဝင် ဒေသခံ ၇ ဦးနှင့် ဧပြီ ၂ ရက်တွင် နောက်ထပ် ဒေသခံ ၃ ဦးအား စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပါသည်။ ထပ်မံဖမ်းဆီးခံရသူများအနက် ဦးသန်းထိုက်ဆိုသူမှာ ဖမ်းဆီးခံရပြီး နောက်နေ့တွင် သေဆုံးသွားကြောင်း သိရှိရသည်။

ဧပြီ ၂ ရက်တွင် ဧရာဝတီလင်းပိုင် ပြည်သူ့ကာကွယ်ရေးအဖွဲ့နှင့် ဝါးခယ်မမြို့နယ်(ပကဖ)တို့မှ ပူးပေါင်း၍ နန်းထိုက်အောင် စစ်ဆင်ရေးအဖြစ် ဝါးခယ်မမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (စိုက်ဘဏ်)ကို ဖောက်ခွဲခဲ့ခြင်းကြောင့် ရုံးစောင့်တစ်ဦးဒဏ်ရာရရှိခဲ့ပါသည်။ အဆိုပါဘဏ်မှဘဏ်မန်နေဂျာနှင့်ဂန်ထမ်းများသည် ဒေသခံလယ်သမားများအား ဘဏ်ချေးငွေပြန်မဆပ်ပါက လယ်သိမ်းမည်ဟု ခြိမ်းခြောက်နေသဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။





# ရန်ကုန်တိုင်း




ခရမ်းမြို့နယ်၊ ကံဘဲ့ကျေးရွာမှာ အုပ်ချုပ်ရေးမှူးတစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရပြီးနောက် အမျိုးသမီးများ အပါအဝင် လူငယ် ၁၀ ဦးခန့်ကို စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပါသည်။ ဖြစ်စဉ်မှာ မတ်လ ၃၀ ရက်က ကံဘဲ့ကျေးရွာ ဘုန်းတော်ကြီးကျောင်းအလှူတွင် ဗွီဒီယိုမှတ်တမ်း ရိုက်ကူးပေးနေသော အမှတ် ၁ ရပ်ကွက် အုပ်ချုပ်ရေးမှူး မျိုးဇော်ဦးသည် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရပြီးနောက် ကံဘဲ့ကျေးရွာနှင့် ဒေးပေါက်ကျေးရွာမှ လူငယ်များကို စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပြီး ဒေးပေါက်ကျေးရွာ စာသင်ကျောင်းတွင် စစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။

မတ်လ ၂၉ ရက်တွင် စစ်ကောင်စီတပ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပါအဝင် ပါတီ ၄၀ ကို ပါတီမှ ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီးနောက် နှစ်ရက်အကြာတွင် ရန်ကုန်မြို့ရှိ မြို့နယ်ပါတီဆိုင်းဘုတ်များကို စစ်ကောင်စီတပ်က လိုက်လံဖြုတ်သိမ်းခဲ့ကြပါသည်။ မတ်လ ၃၁ ရက်တွင် လှိုင်မြို့နယ်ရှိ NLD ပါတီ၏ မြို့နယ်ဆိုင်းဘုတ်ကို ရပ်ကွက်လူကြီးအချို့နှင့် စည်ပင်မှ လာရောက်ဖြုတ်သိမ်းခဲ့ကြပါသည်။

မတ်လ ၃၀ ရက်နေ့က သုံးခွမြို့နယ်တွင် လိုင်းကြေးထွက်ကောက်သည့် ရဲနှစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ထို့အပြင် မတ်လ ၃၀ ရက်နေ့က ခရမ်းမြို့နယ်၊ ကံဘဲ့ကျေးရွာ၊ ကံဘဲ့ဘုန်းကြီးကျောင်းရှိ အလှူတွင် အမှတ် ၁ ရပ်ကွက် အုပ်ချုပ်ရေးမှူး မျိုးဇော်ဦးသည် အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ဧပြီလ ၃ ရက်နေ့က ခရမ်းမြို့နယ်မှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်မှ ၂ ဦး ကျဆုံးခဲ့သည်။






# ရခိုင်ပြည်နယ်

စစ်ကောင်စီတပ်မှ ဒေသတွင်း မငြိမ်မသက်မှုများကြောင့်ဟုဆိုကာ သွားလာထောက်ပံ့ခွင့်များ ပိတ်ပင်ထားဆဲဖြစ်သဖြင့် မောင်တောမြောက်ပိုင်းနှင့် ဘူးသီးတောင် တောင်ပိုင်းတွင်ရှိ ဒုက္ခသည် ၂၈၀၀၀ ကျော်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ မတ်လအတွင်း သွားရောက် အကူအညီပေးနိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

ပုဏ္ဏားကျွန်း - ရသေ့တောင် ကားလမ်းကို စစ်ကောင်စီတပ်မှ ကန့်သတ်ထားသည်မှာ ၁၀ လခန့်ကြာမြင့်နေပြီဖြစ်သဖြင့် အဆိုပါ ကားလမ်းပေါ်တွင် ကုန်စည်စီးဆင်းမှုအပါအဝင် လမ်းတလျှောက်ရှိ ကျေးရွာပေါင်း ၅၀ ကျော်မှ ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ကားလမ်းကို အမှီပြု လုပ်ကိုင်စားသောက်နေသူများတွင် စားဝတ်နေရေးထိခိုက်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။


မတ်လ ၃၁ ရက်မှစတင်ကာ ရခိုင်ပြည်သူများ၏ဖုန်းများသို့ စစ်ကောင်စီတပ်မှ ပြုလုပ်မည့် ရွေးကောက်ပွဲအား ဆန့်ကျင်သည့် မတ်ဆေ့(SMS)များကို ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)မှ ပို့ခဲ့ပြီး၊ ဧပြီ ၂ ရက်တွင်လည်း ရွေးကောက်ပွဲအား ဆန့်ကျင်ကြောင်း ရေးသားထားသည့် စာရွက်စာတန်းများကို စစ်တွေမြို့ ရှုခင်းသာလမ်းရှိ ထိုင်ခုံများပေါ်တွင် ကပ်ထားခြင်း၊ လမ်းမပေါ်တွင် ဖြန့်ကြဲထားခြင်းဖြင့် ကမ်ပိန်း (လှုပ်ရှားမှု)များပြုလုပ်ခဲ့ပါသည်။




# ချင်းပြည်နယ်

စစ်ကောင်စီတပ်သည် ထန်တလန်မြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ၊ မြို့မှ ၃ မိုင်ခန့်အကွာတွင် တည်ရှိသော ခွါဖိုး (Khuafo) ကျေးရွာကို မတ်လ ၃၀ ရက်က တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ၁၀ နှစ်အောက် ကလေးငယ်နှစ်ဦး အပါအဝင် အရပ်သား ၈ ဦး သေဆုံးခဲ့ပြီး၊ အယောက် ၂၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ သေဆုံးသူများတွင် အသက် ၆ နှစ်နှင့် ၉ နှစ်အရွယ် ကလေးငယ် ၂ ဦးနှင့် အမျိုးသမီး ၅ ဦးလည်း ပါဝင်ခဲ့ပါသည်။

မတ်လ ၂၉ ရက်တွင် မင်းတပ်မြို့နယ် စံကျေးရွာနှင့် ဒေးကျေးရွာအနီးရှိ စစ်ဘေးရှောင်စခန်းများကို ဦးဆောင်ကူညီနေသော သက်တော် ၄၀ ဝန်းကျင်ရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီး တစ်ပါးအား စစ်ကောင်စီတပ်မှ အတင်းအကျပ် လူဝတ်လဲခိုင်းပြီး ဖမ်းဆီးခဲ့ပါသည်။ အဆိုပါစစ်ဘေးရှောင်စခန်းများ ဖွင့်လှစ်ထားသည်မှာ ၂ နှစ်ကျော်ကြာမြင့်နေပြီဖြစ်ကာ စုစုပေါင်း လူဦးရေ ၅၀၀ နီးပါး ခိုလှုံနေထိုင်လျှက်ရှိပါသည်။




မတူပီနှင့် ဖလမ်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၈ ဦး ကျဆုံး၍ ချင်းဒေသကာကွယ်ရေးတပ်မှ ၁၂ ဦး ကျဆုံးခဲ့သည်။

# နိုင်ငံတကာစာမျက်နှာ



နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအား အာဏာသိမ်းစစ်ကောင်စီတပ်မှ ဖျက်သိမ်းလိုက်သည့်အပေါ် စိုးရိမ်ကြောင်း ကုလသမဂ္ဂမှ ပြောကြားခဲ့ပါသည်။ မတ်လ ၂၉ ရက်မှစ၍ NLD အပါအဝင် နိုင်ငံရေးပါတီ ၄၀ အား စစ်ကောင်စီတပ်မှ ဖျက်သိမ်းလိုက်သည့်အပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က  တုံ့ပြန်လိုက်ခြင်းဖြစ်ပြီး၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ ပြန်သွားရန်နှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားဖမ်းဆီးခံထားရသူများ လွှတ်မြောက်ရန် လိုလားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

ထို့ပြင် အမေရိကန်၊ ဗြိတိန်၊ ဂျပန်နှင့် ဩစတြေးလျတို့ကလည်း ပါတီများ ဖျက်သိမ်းခံရမှုအပေါ် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ခဲ့ကြပြီး၊ စစ်ကောင်စီဩဇာခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း  ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခဲ့ကြပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်၏ ထုတ်ပြန်ချက်တွင် မြန်မာပြည်သူများသည် ၂၀၂၀ နိုဝင်ဘာရွေးကောက်ပွဲ၌  NLD နှင့် အခြားပါတီများကို တခဲနက် ပြန်လည်ရွေးချယ် ထောက်ခံမဲပေးခဲ့ကြကြောင်း၊ နိုင်ငံရေးပါတီများကို ဖျက်သိမ်းသော စစ်အာဏာရှင်၏ ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၏ ဆန္ဒသဘောထားနှင့် ပါတီစုံ ဒီမိုကရေစီစနစ်ကို ဆက်လက်ပြီး မထေမဲ့မြင်ပြုနေသည်ကို ဖော်ပြနေကြောင်း၊ နိုင်ငံရေး

> စစ်အာဏာသိမ်းပြီးနောက်ပိုင်း လူ့အခွင့်အရေးများ ပိုမိုဆိုးရွားလာနေကြောင်းနှင့် နိုင်ငံတကာဥပဒေ၊ တရားဥပဒေ စိုးမိုးရေးနှင့် ဒီမိုကရေစီစနစ်ကို စစ်ကောင်စီတပ်အနေဖြင့် လေးစားလိုက်နာမှုမရှိသည်ကို ဆက်တိုက်တွေ့မြင်နေရကြောင်း

အတိုက်အခံပြုခြင်းကို ပိတ်ပင်ထိန်းချုပ်ရန်နှင့် အများပြည်သူ လွတ်လပ်စွာ ပြောဆိုလုပ်ကိုင်ခွင့်ရှိသော ပြည်သူ့အဝန်းအဝိုင်းကို မြေလှန်အမြစ်ဖြတ်ရန် အာဏာရှင်အဖွဲ့အစည်းမှ ဆက်လက်ကြိုးပမ်းနေခြင်းများသည် ၎င်းတို့၏ အာဏာနှင့် အကျိုးစီးပွားများ ပိုမိုတည်တံ့ခိုင်မြဲစေရန် ကြံဆောင်ခြင်းဖြစ်ပြီး၊ ပြစ်ချက်များစွာ ပြည့်နှက်နေသော ရွေးကောက်ပွဲကို ကျင်းပဖြစ်ခဲ့သော်လည်း မြန်မာနိုင်ငံတွင်းမှ မဲဆန္ဒရှင်များ၏ ဆန္ဒကို ကိုယ်စားပြုလိမ့်မည် မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ဧပြီ ၄ ရက်က ဆွစ်ဇလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ကျင်းပသော ၅၂ ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီညီလာခံတွင် မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း လူ့အခွင့်အရေးများ ပိုမိုဆိုးရွားလာနေကြောင်းနှင့် နိုင်ငံတကာဥပဒေ၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီစနစ်ကို စစ်ကောင်စီတပ်အနေဖြင့် လေးစားလိုက်နာမှုမရှိသည်ကို ဆက်တိုက်တွေ့မြင်နေရကြောင်း ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်အမြဲတမ်းကိုယ်စားလှယ် Simon Manley က ပြောကြားခဲ့ပါသည်။

မြန်မာ့အရေးဖြေရှင်းရန် သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံဆွေးနွေးနေပြီး၊ ဆွေးနွေးမှုများလည်း တိုးတက်မှုရှိကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရက်နိမာဆူဒီက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက် သုံးလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။ အာဆီယံမှ ကိုင်စွဲထားသော မြန်မာ့အရေး ဘုံသဘောတူညီချက်တွင် ပါသည့် အချက်များအတိုင်း အဓိကကျသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပြီး၊ ယခင်က မဆွေးနွေးဖူးသူများနှင့်လည်း တွေ့ဆုံဆွေးနွေးနေကြောင်း သိရပါသည်။

ရုရှားနိုင်ငံနှင့် မြန်မာစစ်ကောင်စီတပ်သည် ဥပဒေရေးရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားနေကြောင်း၊ စစ်ကောင်စီတပ်အနေဖြင့် အာဏာဆက်လက်တည်မြဲရေးအတွက် ယင်းသို့ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများမှ သုံးသပ်ထားပြီး၊ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားနိုင်ငံရှေ့နေချုပ် Igor Krasnov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ်လအတွင်းက နေပြည်တော်တွင် တွေ့ဆုံခဲ့ကာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးနှင့် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်များတွင် တိုးမြှင့်ရန် ဆွေးနွေးခဲ့ကြပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။